# COVID-19ရောဂါပိုးထိတွေ့မိသည်ဟု ထင်သည်၊ ကျွန်ုပ်ဘာလုပ်သင့်ပါသလဲ။

MDHHS
Michigan Department of Health & Human Services
Michigan.gov/Coronavirus

## အနီးကပ်ထိတွေ့မှုများ

ကျွန်ုပ်COVID-19ရောဂါရှိသူတစ်ဦးနှင့်အတူ နေထိုင်သည် သို့မဟုတ် ထိုသူကိုပြုစုစောင့်ရှောက်နေသည်

COVID-19 ရောဂါရှိသူတစ်ဦးသည် ကျွန်ုပ်အပေါ် ချောင်းဆိုးမိသည် သို့မဟုတ် နှာချေမိသည်

ကျွန်ုပ်၏ လုပ်ဖော်ကိုင်ဖက်တွင် COVID-19 ရောဂါရှိနေသည်ဟု ထင်သည်။

ကျွန်ုပ်သိသောသူတစ်ဦးတွင် COVID-19 ရောဂါရှိနေသည်ဟု ထင်သည်။

သင်ကိုယ်တိုင်သီးသန့်နေထိုင်၍ရောဂါလက္ခဏာများကိုစောင့်ကြည့်သင့်သည်။ ဒေသဆိုင်ရာကျန်းမာရေးဌာနမှလည်း ထိုသို့ပြုလုပ်ရန် တောင်းဆိုနိုင်သည်။*

သင်ကိုယ်တိုင်သီးသန့်နေထိုင်ရန်မလိုအပ်သော်လည်း ရောဂါလက္ခဏာအတွက်စောင့်ကြည့်ခြင်းမှာကောင်းသောအကြံဖြစ်သည်။

သင့်တွင် **ဖျားနာခြင်း၊ ချောင်းဆိုးခြင်း** သို့မဟုတ် **အသက်ရှူရခက်ခြင်း**ကဲ့သို့ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါလက္ခဏာများရှိပါသလား။

**ရှိ**

အသက်ရှူရခက်ခြင်း၊ ရင်ဘတ်ထဲတွင် မကြာခဏနာကျင်ခြင်း သို့မဟုတ် ဖိစီးခြင်း၊ ခေါင်းမကြည်မသာဖြစ်ခြင်း သို့မဟုတ် အိပ်ယာမှ မထနိုင်ခြင်း သို့မဟုတ် နှုတ်ခမ်းနှင့် မျက်နှာပြာနှမ်းခြင်းကဲ့သို့ **ပြင်းထန်သောလက္ခဏာများ** သင့်တွင် ရှိပါသလား။

- **ရှိ** → အရေးပေါ်ဆေးကုသမှုကို အထူးဂရုပြုရှာဖွေပါ။
- **မရှိ** → သင့်ရောဂါလက္ခဏာများကို ဆွေးနွေးတိုင်ပင်ရန် သင့်ကျန်းမာရေးစောင့်ရှောက်မှုပေးသူထံသို့ ဆက်သွယ်ပါ။

**မရှိ**

ရောဂါလက္ခဏာများအတွက် သင့်ကိုယ်သင် ဆက်လက်စောင့်ကြည့်ပါ

### ကျွန်ုပ်ကိုယ်ကျွန်ုပ် ဘယ်လိုစောင့်ကြည့်သင့်ပါသလဲ။

အထူးဂရုပြုရမည့် COVID-19 ရောဂါလက္ခဏာများ–

- **ဖျားနာခြင်း**
- **ချောင်းဆိုးခြင်း**
- **အသက်ရှူရခက်ခြင်း**

သင့်ကျန်းမာရေးနှင့်ပတ်သက်၍ စိုးရိမ်ပူပန်ပါက သင့်ကျန်းမာရေးစောင့်ရှောက်မှုပေးသူထံသို့ ဆက်သွယ်ပါ။

## သင့်ဆရာဝန်မှ သင့်အား COVID-19 ရောဂါစစ်ဆေးသင့်သည်ဟု ဆုံးဖြတ်ပါက

သင့်ကျန်းမာရေးစောင့်ရှောက်မှုပေးသူမှ သင့်အား ရောဂါစစ်ဆေးရန် မှာကြားနိုင်သည်။

1. ကျန်းမာရေးစောင့်ရှောက်မှုပေးသူမှ ရောဂါနမူနာယူသည်
2. ရောဂါနမူနာကို စစ်ဆေးရန်အတွက် ဓာတ်ခွဲခန်းသို့ ပေးပို့သည်
3. ဓာတ်ခွဲခန်းမှ ကျန်းမာရေးစောင့်ရှောက်မှုပေးသူထံသို့ အဖြေလွှာကို ပေးပို့သည်
4. ကျန်းမာရေးစောင့်ရှောက်မှုပေးသူမှ လူနာအား ဆေးစစ်ချက်အဖြေကို အကြောင်းကြားသည်။ ပြည်နယ်ကျန်းမာရေးဌာနမှ ဆေးစစ်ချက်အဖြေများကို မပေးပါ။

* အများပြည်သူအတွက် သီးသန့်ထားရှိစောင့်ကြည့်ခြင်းလုပ်ငန်းစဉ်သည် အထူးသဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးသည့်ဝန်ထမ်းများနှင့် မသက်ဆိုင်ပါ။

SEOC TA 2710604 03/25/2020